"၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၂၂)ရက်နေ့တွင် ချုပ်ဆိုထားသော

**Used Matador Tractor MT804 & Used Field King Rotavator 200cm (2)Units**

Tractor & Implement အငှားရောင်းစာချုပ်၏ နောက်ဆက်တွဲစာချုပ်"

ပစ္စည်းအာမခံထားခြင်းကို ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
(လက်ခံသူ) နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on behalf of Win Motors Co., Ltd.)
အမှတ်(၅၉၈)၊ ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်–ပုသိမ်အဝေးပြေးလမ်းမကြီး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

ပစ္စည်းအာမခံထားရှိသူ ။ ။ ဦးဝင်းနိုင် (ဘ) ဦးလှရွှေ
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၄/ခနဖ(နိုင်)၁၂၁၈၃၉
လိပ်စာ– ဗျည်းအကျေးရွာအုပ်စု၊ ရွာကလေးကျေးရွာ၊ ခနုဖြူမြို့။
ဆက်သွယ်ရန်ဖုန်းနံပါတ် –၀၉–၇၇၉၅၈၆၄၄၇။

(အထက်ဖော်ပြပါ ပစ္စည်းအာမခံထားခြင်းကိုလက်ခံသူဟုဆိုရာ၌လည်းကောင်း၊ ပစ္စည်းအာမခံထားရှိသူဟု ဆိုရာ၌လည်းကောင်း၊ ၎င်းတို့ကိုယ်တိုင်အပြင် ၎င်းတို့အသီးသီး၏ အမွေစားအမွေခံများ၊ အမွေဆက်ခံခွင့်ရှိသူများ၊ တရားဝင်ကိုယ်စားလှယ် များနှင့် ကိုယ်စားပြုခံရသူများ၊ လွှဲပြောင်းခြင်းခံရသူများအားလုံး ပါဝင်သည်ဟုမှတ်ယူရမည်။)

၁။ Used Matador Tractor MT804 & Used Field King Rotavator 200cm – Total (2)Units – Tractor & Implement အငှားရောင်း စာချုပ်အမှတ် (WL-HS-518/2024) အရ အငှားရောင်းချသူထံ အရစ်ကျပေးရန် ကျန်ရှိသော ငွေအားလုံးကျပ်– ၁၂,၅၄၄,၀၀၀/– အတွက် Tractor & Implement အငှားဝယ်ယူသူမှ ယင်း Tractor & Implement အငှား ဝယ်ယူမှုအတွက် အာမခံပစ္စည်းအဖြစ် အောက်တွင်ဖော်ပြထားသည့် ပိုင်ဆိုင်မှုများအား Win Motor Co., Ltd. တွင် ထားရှိပါမည်ဟု ပစ္စည်းအာမခံထားရှိသူ ဦးဝင်းနိုင် မှ ကတိပြုပါသည်။

၂။ <u>အာမခံထားရှိမည့်ပစ္စည်းအမျိုးအစား</u>

- ဧရာဝတီတိုင်း၊ ခနုဖြူမြို့နယ်၊ ဗျည်းအနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်–၃၁/ဗျည်းတောင်၊ ဦးပိုင်အမှတ် (၃၅/၂)၊ ဦးမောင်ဇော်နိုင် အမည်ပေါက် လယ်မြေ ဧရိယာ (၄.၇၀) ဧက ပုံစံ(၇) မူရင်း (၁) စောင် ။
- ဧရာဝတီတိုင်း၊ ခနုဖြူမြို့နယ်၊ ဗျည်းအနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်–၃၀ᵃ/ဗျည်းတောင်၊ ဦးပိုင်အမှတ် (၄/၃)၊ ဒေါ်ဥမ္မာမြင့် အမည်ပေါက် လယ်မြေ ဧရိယာ (၂.၃၉) ဧက ပုံစံ(၇) မူရင်း (၁) စောင် ။

၃။ အထက်ဖော်ပြပါ အာမခံထားရှိသော ပိုင်ဆိုင်မှုများသည် အာမခံထားရှိသူ မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အခြားအရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း အာမခံထားသူမှ တာဝန်ယူပါသည်။ အာမခံထားရှိသူမှ အာမခံထားရှိမည့် ပိုင်ဆိုင်မှုများအား အာမခံအဖြစ် အပ်နှံသည့်ကာလမှာ အရစ်ကျငွေ နောက်ဆုံးပေးသွင်းရမည့် (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ) ကာလအထိဖြစ်ကြောင်းနှင့် ယင်းငွေများ အပြေအကြေလက်ခံရရှိပြီးပါက အာမခံထားသော ပိုင်ဆိုင်မှု မူရင်းများအား ပစ္စည်းအားမခံထားရှိသူသို့ ပြန်လည်ပေးအပ်ရန် သဘောတူပါသည်။

စာမျက်နှာ(၂)သို့

၄။ Tractor & Implement အငှားဝယ်ယူသူသည် Tractor & Implement အရောင်းအဝယ်သဘောတူ ကတိပြုစာချုပ်တွင် အငှားဝယ်ယူသူများ၏ တာဝန်နှင့်အခွင့်အရေးများအပိုဒ်(၆) အပိုဒ်ခွဲ(င)ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ခဲ့ပါက Tractor & Implement အရောင်းအဝယ်သဘောတူကတိပြုစာချုပ်၏ နောက်ဆက်တွဲစာချုပ် အပိုဒ်(၂)တွင် အငှားဝယ်ယူသူမှ အာမခံပစ္စည်းအဖြစ်တင်သွင်းထားသည့် လယ်မြေ (၇.၀၉) ဧက ကို အငှားဝယ်ယူသူမှ အငှားရောင်းချသူသို့ အာမခံပစ္စည်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အာမခံပစ္စည်းကို လက်ရောက်ပေးအပ်ရန် ဝန်ခံကတိပြုပါသည်။

အထက်စာချုပ်ပါစကားရပ်များကို ပစ္စည်းအာမခံထားခြင်းကို လက်ခံသူနှင့် ပစ္စည်းအာမခံထားသူတို့ နှစ်ဦးနှစ်ဖက် ဖတ်ရှု၊ သိရှိနားလည်သဘောပေါက်ကြပါ၍ မည်သူတစ်ဦးတစ်ယောက်မျှ လိမ်လည်ဖြားယောင်း သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့မပါဝင်ဘဲ မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒအရ အောက်ဖော်ပြပါ အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုပါသည်။

| ပစ္စည်းအာမခံထားခြင်းကို လက်ခံသူ | ပစ္စည်းအာမခံထားရှိသူ |
| --- | --- |
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)<br>(for and on behalf of Win Motor Co., Ltd.) | ဦးဝင်းနိုင် (၁၂/လကန(နိုင်)၀၀၁၇၅၈) |

အသိသက်သေများ

| | |
| --- | --- |
| လက်မှတ် – | လက်မှတ် – ------------------------ |
| အမည် – ရဲလင်းထွန်း | အမည် – ------------------------ |
| နသေအမှတ် – ၃/မဝတ(နိုင်)၀၇၂၇၀၇ | နသေအမှတ် – ------------------------ |
| နေရပ် – အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊<br>- လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ | နေရပ် – ------------------------ |

လက်မှတ် –
အမည် – ဦးမောင်မောင်
နသေအမှတ် – ၁၂/သကတ(နိုင်)၁၅၇၆၇၀
နေရပ် – အမှတ်(၅၈၉)၊ဗိုလ်အောင်ကျော်လမ်း၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။